သတင်းထုတ်ပြန်ချက်

**၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၁) ရက်**

## စစ်အစိုးရလက်ချက်ကြောင့် ပျံလွန်သွားခဲ့သော သံဃာတော်များအတွက် ရည်စူး၍ ရှမ်းပြည်သူပြည်သားများက အမှတ်ရ ဆုတောင်းပွဲ များ ကျင်းပ

ယနေ့ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၁) ရက်တွင် ထိုင်း – ရှမ်းပြည်နယ် နယ်စပ် တလျှောက် ရောက်ရှိနေသော ရှမ်းပြည်သူပြည်သားများမှ ပြီးခဲ့သော စက်တင်ဘာလအတွင်း စစ်အစိုးရလက်ချက်ကြောင့် မြန်မာနိုင်ငံတွင်း ပျံလွန်သွားခဲ့သော သံဃာတော်များနှင့် ရှမ်းပြည်နယ် ပြည်တွင်းစစ်အတောအတွင်း စစ်အစိုးရ၏ ရက်စက်မှုကြောင့် ပျံလွန်သွားခဲ့ကြသည့် ရှမ်းသံဃာတော်များအား ရည်စူး၍ ဆုတောင်းပွဲများကျင်းပမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် ပျံလွန်သွားခဲ့သော သံဃာတော်များအားလုံးအတွက် ဆုတောင်းပွဲ အခန်းအနားများကို ထိုင်း– ရှမ်းပြည်နယ်၊ နယ်စပ် နေရာအသီးသီးရှိ ရှမ်းဘုန်းတော်ကြီးကျောင်းများတွင် ဓမ္မတရားများ ရွတ်ဖတ် သရဇ္ဈယ် ကြမည် ဖြစ်သည်။

လွန်ခဲ့သော စက်တင်ဘာလ (၂၆)ရက်နေ့ မှစ၍ မြန်မာစစ်အစိုးရက ထောင်သောင်းချီသော ဗုဒ္ဓဘာသာ သံဃာတော်များ ဦးဆောင်သော နိုင်ငံအနှံ့အပြား ငြိမ်းချမ်းးစွာ ဆန္ဒပြပွဲများအား ရက်စက်ကြမ်းတမ်းစွာ နှိမ်နင်း၍၊ အရေအတွက်အားဖြင့် မသိရှိရသော အရပ်သူ၊ အရပ်သားများနှင့် သံဃာများကို စစ်တပ်မှ ရက်စက်စွာ ပစ်သတ်ခဲ့သည့်အပြင်၊ ရဟန်းရှင်လူ ထောင်ပေါင်းများစွာကို ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ စစ်အစိုးရသည် နိုင်ငံအနှံ့ရှိ ဘုန်းတော်ကြီးကျောင်းများကို စီးနင်း၍ သံဃာများအား ဖမ်းဆီးနေသည့်အပြင် ၄င်း၏ သတင်းမီဒီယာများက ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့် သာမဏေများအား အသရေဖျက်သည့် ဝါဒဖြန့်ခြင်းများကိုလည်း ပြုလုပ်နေပါသည်၊ စစ်အစိုးရ၏ ဤသို့ အဆက်မပြတ် အကြမ်းဖက်ရက်စက်မှုများနှင့်လုပ်ရပ်များကို ရှမ်းလူထုအဖွဲ့အစည်းများက ပြင်းထန်စွာ ရှုံ့ချ၍ မိမိတို့၏ ရပိုင်ခွင့်များအတွက် ငြိမ်းချမ်းစွာ အရေးဆိုလှုံ့ဆော်ရင်း အသက်ပေးလှူသွားခဲ့သူများ ရဟန်းသံဃာတော်များအား ဦးညွှတ် အမျှဝေပါသည်။ တချိန်တည်းမှာပင် ရှမ်းပြည်နယ် ပြည်တွင်းစစ်အတွင်း စစ်အစိုးရ စစ်တပ်များ၏ ညှင်းပန်းနှိပ်စက် အသတ်ဖြတ်ခံခဲ့ရသော ရှမ်းသံဃာတော်များအားလည်း ဦးညွှတ် အမျှဝေလိုပါသည်။ စစ်အစိုးရ၏ သတင်းစာများ၊ မီဒီယာများက ၄င်းတို့၏ စစ်ဗိုလ်ချုပ်များ ဗုဒ္ဓသာသနာရေး ကောင်းမှုကုသိုလ်များလုပ်နေကြောင်းကို သတင်း မျက်နှာဖုံးများ၌ ပြသနေသည့် တချိန်တည်းမှာပင်၊ ရှမ်းပြည်နယ်အတွင်း၌ ဗုဒ္ဓသာသနာ့ အဆောက်အအုံကို စစ်အစိုးရက အစီအစဉ်ချ ဖျက်ဆီးလျက် ရှိသည်။

၁၉၉၆ ခုနှစ်မှ စ၍ ရှမ်းပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရွာပေါင်း ၁၄၀၀ ကျော်ကို အတင်းအကြပ်ရွှေ့ပြောင်းခဲ့သည့် စစ်အစိုးရ၏ စစ်ဆင်ရေးသည်၊ ထောင်ပေါင်းများစွာသော ရှမ်းဗုဒ္ဓသံဃာတော်များ၊ သာမဏေများအား သူတို့၏ ဘုန်းတော်ကြီးကျောင်းများမှ အတင်းအဓမ္မ လုံးဝစွန့်ခွာစေခဲ့၍ ရှမ်းဘုန်းကြီးကျောင်းပေါင်း တစ်ထောင်ကျော်ကို လုံးဝ ပျက်စီးယိုယွင်းစေခဲ့သည်။

စစ်တပ်မှ ရှမ်းတော်လှန်ရေး လှုပ်ရှားမှုနှင့် ပတ်သက်သည်ဟု သူတို့ မသင်္ကာသော ရှမ်း ဗုဒ္ဓရဟန်းသံဃာများ၊ သာမဏေများအား အသနားကြင်နာမှုကင်းမဲ့စွာဖြင့် နှိပ်စက်ညှင်းပမ်း၍ သတ်ဖြတ်နေခဲ့ရာ ၁၉၉၇ ခုနှစ် မတ်လ တစ်လတွင်းမှာပင် ရှမ်းပြည်အလယ်ပိုင်း၊ ကွန်ဟိန်းမြို့အနီးတွင် သီတင်းသုံးနေသည့် ကျောင်းထိုင်ဘုန်းကြီး သုံးပါးကို စစ်တပ်မှ သတ်ဖြတ်ခဲ့သည်။ ရှမ်းသံဃာတော်တစ်ပါးမှာ ဂုံနီအိတ်ထဲ ထည့်ချီ၍ အနီးရှိ နမ့်ပန်ချောင်းထဲသို့ ပစ်ချကာ ရေနစ်သေစေခဲ့သည်။ နောက်ပိုင်းအမှုများတွင် သံဃာများ၏ ဦးခေါင်းတွင်းသို့ သံမှိုများ ရိုက်ထည့်ခြင်းများ၊ ခြေလက်များကို ဖြတ်တောက်ခြင်းများ စသော ရက်စက်မှုများပင် ရှိခဲ့သည်။

ထို့ကြောင့် ရှမ်း လူထုအဖွဲ့အစည်းများက စစ်အစိုးရအား – အောက်ပါ တောင်းဆိုမှုများ ပြုလုပ်လိုပါသည်။

- ဘုန်းတော်ကြီးကျောင်းများကို စီးနင်းခြင်းများ၊ သံဃာတော်များအား ဖမ်းဆီးခြင်းများနှင့် အသရေဖျက်သည့် ဝါဒဖြန့်မှုများ ချက်ခြင်း ရပ်တန့်ရန်
- ဖမ်းဆီးထိန်းသိမ်းထားသော သံဃာတော်များနှင့် အရပ်သူ၊ အရပ်သားများအားလုံးကို လွှတ်ပေးရန်
- မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြန်လည် ထွန်းကားရေးကို ဦးတည်သည် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံး စတင်နိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းခေါင်းဆောင် ခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ချက်ခြင်း လွှတ်ပေးရန် –

**ဆက်သွယ်ရန် – နန်းဆိုင်နောင့်** + ၆၆၈၁ ၈၈၄ ၄၉၆၃ - **နန်းချမ်တောင်း** + ၆၆ ၈၅ ၇၀၆ ၇၉၁၇ **စိုင်း လျှန်** + ၆၆၈၃ ၁၅၃ ၃၇၁၅